# မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာအသိပညာများတိုးတက်လာစေရေးအတွက် Digital Gamification အားအသုံးပြုခြင်း

ဇန်နဝါရီလ ၉ ရက်၊ ၂၀၁၇ ခုနှစ်

ရန်ကုန်၊ မြန်မာ - UNCDF နှင့် Wave Money တို့အကြား သဘောတူညီမှုစာချုပ်အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ၎င်းလက်မှတ်ရေးထိုးခြင်းအခမ်းအနားအား UNDP (the United Nations Development Program) နှင့် DFAT (the Australian Department of Foreign Affairs and Trade) မှ ကိုယ်စားလှယ်တော်များ တက်ရောက်ခဲ့ကြသည်။

ဤပူးပေါင်းရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်သည် UNCDF SHIFT Challenge Fund Second Window ၏ အောင်မြင်သူများထဲမှ တစ်ခုဖြစ်သော Wave Money စီမံကိန်းအား အခြေခံထားပါသည်။ UNCDF ၏ Expanding Financial Access (EFA) Myanmar Programme နှင့် DFAT မှ အဓိက ပံ့ပိုးထားသော SHIFT's Challenge Fund Second Window မှ အခြားငွေကြေးထောက်ပံ့မှုနှင့်အတူ Wave Money စီမံကိန်းအတွက် အဓိကငွေကြေးထောက်ပံ့မှုအား ပေးအပ်သွားမည်ဖြစ်သည်။

ဤ SHIFT Challenge Fund သည် အာစီယံနိုင်ငံများအတွင်း ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ကိုယ်ပိုင်အဖွဲ့အစည်းများ၏ အသစ်သစ်သော လုပ်ဆောင်မှုများအတွက် ကူညီပံ့ပိုးခြင်းဖြစ်ပြီး အမျိုးသမီး စွန့်ဦးတည်ထွင်သူများ၊ အလုပ်သမများနှင့် အသုံးပြုသူများအတွက်လည်း ရည်ရွယ်ထားသည်။ Wave Money သည် အမျိုးသမီးများအကြား Digital gamification အသုံးပြု၍ ငွေရေးကြေးရေးနှင့်ပတ်သက်သည့် အသိပညာများတိုးတက်လာစေရန် ရည်ရွယ်ပြီး ဤအဆိုပြုချက်အသစ်တစ်ခုအား တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီး ၂၉ ရာခိုင်နှုန်းသာလျှင် တရားဝင်ဘဏ္ဍာရေးဝန်ဆောင်မှုများကို အသုံးပြုနေပြီး ၃၄ ရာခိုင်နှုန်းမှာ တရားမဝင်ဘဏ္ဍာရေးဝန်ဆောင်မှုများအား အသုံးပြုလျက်ရှိသည်။ အသက် ၁၈ နှစ်မှ ၃၄ နှစ်အကြား အမျိုးသမီး ၇ ရာခိုင်နှုန်းသာလျှင် ဘဏ်အကောင့်ရှိသည်။ သတင်းအချက်အလက်မရရှိခြင်းနှင့် အမျိုးသမီးများ၏လိုအပ်ချက်များအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှု အသုံးပြုရမည့်နည်းလမ်းများအား ဖော်ပြရာတွင် လိုအပ်ချက်များ အစရှိသော လိုအပ်ချက်များသည် ဘဏ္ဍာရေးဆိုင်ရာ အသိအမြင်မကြွယ်ဝမှုများ၏ အဓိကအကြောင်းအရင်းများ ထဲမှတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ အစီရင်ခံစာများအရ မိုဘိုင်းဖုန်းထိုးဖောက်ဝင်ရောက်မှုနှုန်းမှာ အားကောင်းနေသည်။ မြန်မာအမျိုးသမီးများ၏ မိုဘိုင်းဖုန်းပိုင်ဆိုင်မှုနှုန်းမှာလည်း မြင့်မားလျက်ရှိပြီး

၃၃ ရာခိုင်နှုန်း ရှိနေကြောင်း သိရသည်။ အမျိုးသမီး ဦးရေ ၁.၄ သန်းခန့်မှာ စမတ် ဖုန်းနှင့် မိုဘိုင်းဒေတာဝန်ဆောင်မှုများကို သုံးစွဲလျက်ရှိကြသည်။

အမျိုးသမီးများ၏ ငွေရေးကြေးဆိုင်ရာအသိပညာများ တိုးများလာခြင်းသည် ပုံမှန်ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် ကောင်းမွန်သော လွှမ်းမိုးမှုအဖြစ် အထင်အရှားရှိလာသည်။ မြန်မာအမျိုးသမီးများ၏ ငွေရေးကြေးရေးဆိုင်ရာ အသိပညာများတိုးတက်လာစေရန်အတွက် Wave Money မှ စမတ်ဖုန်းများ၏ လျင်မြန်စွာ တိုးတက်ပြောင်းလဲမှုနှင့် Data အသုံးပြုမှုအပေါ်တွင် အကျိုးအမြတ်ရယူရန် ရည်ရွယ်လျက်ရှိပါသည်။Wave Money မှ ငွေရေးကြေးရေးစီမံမှုများနှင့် စပ်လျဉ်းသည့် ငွေစုခြင်း၊ အတိုးနှုန်းပေးချေခြင်း နှင့် အာမခံခြင်းစသည်တို့ကို လေ့လာသင်ယူနိုင်မည့် ငွေရေးကြေးရေးဆိုင်ရာ Game application တစ်ခုကို တီထွင်ထုတ်လုပ်မည်ဖြစ်သည်။ ထို application အသစ်ကို အလွယ်တကူ download ရယူနိုင်မှာဖြစ်ပြီး ဖုန်းအချင်းချင်း လွယ်ကူစွာပို့ပေးနိုင်မည့်အပြင် ကျယ်ပြန့်လာသောဈေးကွက်၏ ငွေရေးကြေးရေးဆိုင်ရာ အသိပညာများလည်း ခိုင်မာသေချာလာမည်ဖြစ်သည်။

"UNCDF ရဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် Wave Money အနေနဲ့ မြန်မာအမျိုးသမီးများကို အကောင်းဆုံးဝန်ဆောင်မှုပေးဖို့နဲ့ ငွေရေးကြေးရေးပါဝင်နိုင်မှုအတွက် အရှိန်အဟုန်မြင့် အထောက်အပံ့ဖြစ်တဲ့ ငွေရေးကြေးရေးအသိပညာများ တိုးတက်ဖွံ့ဖြိုးလာစေဖို့အတွက် အထောက်အပံ့ကောင်းရရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီ application ကတစ်ဆင့် မြန်မာလူမျိုးတွေအနေနဲ့ ငွေရေးကြေးရေးဆိုင်ရာ အတွေးအခေါ်အယူအဆများ တိုးတက်နားလည်လာမှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ target customer အပိုင်းအခြားရဲ့ ငွေရေးကြေးရေးဆိုင်ရာအသိပညာများတိုးတက်လာစေဖို့ မျှော်လင့်ပါတယ်" ဟု Wave Money ၏ CEO ဖြစ်သူ Brad Jones မှ ပြောကြားခဲ့ပါသည်။

ထို ပရောဂျက်မှာ နှစ်နှစ်လည်ပတ်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ 508,917 ကုန်ကျမည်ဖြစ်သည်။ UNCDF မှ အမေရိကန်ဒေါ်လာ 295,000 ထောက်ပံ့ပေးမှာဖြစ်ပြီး ကျန်ရှိသော ကုန်ကျစရိတ်ကို Wave Money မှ တာဝန်ယူမည်ဖြစ်သည်။ ယခု ပရောဂျက်မှ အမျိုးသမီး ပေါင်း ၂၆၀ ၀၀၀ ကိုအကျိုးပြုနိုင်မှာဖြစ်ပြီး ငွေရေးကြေးရေးဆိုင်ရာ Game applicationကို download ရယူပြီး သင်ယူနိုင်ရန်နှင့် အမျိုးသမီး (၃၀ ၀၀၀)မှ mobile money အကောင့်များကို သုံးစွဲလာကြရန် ရည်ရွယ်သည်။

**Digital Money Myanmar (Wave Money) အကြောင်းမိတ်ဆက်**

Wave Money သည် တယ်လီနော၊ First Myanmar Investment (FMI) နှင့် ရိုးမဘဏ်တို့ ပူးပေါင်းတည်ထောင်ထားသော လုပ်ငန်းဖြစ်ပြီး လွယ်ကူ၊လျှင်မြန်၊စိတ်ချရသော ငွေရေးကြေးရေး ဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းတွင် ကိုယ်စားလှယ်များထားရှိ၍လည်းကောင်း၊ မိုဘိုင်းဖုန်းမှ Wave အကောင့်များဖြင့်လည်းကောင်း ဝန်ဆောင်မှုပေးနေသော လုပ်ငန်းဖြစ်သည်။ တယ်လီနော လုပ်ငန်းစုသည် နိုင်ငံ (၁၃) ခုရှိ (၂၁၁) မီလီယံ mobile subscriptions နှင့်အတူ ကမ္ဘာ့အကြီးဆုံးမိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည်။ FMI သည် မြန်မာနိုင်ငံ၏ အကြီးဆုံး

အများပိုင်ကုမ္ပဏီများထဲမှ တစ်ခုဖြစ်ပြီး ရှယ်ယာရှင်ပေါင်း (၈၀၀၀) နှင့် ၂၀၁၆ခုနှစ် ရန်ကုန်စတော့အိတ်ချိန်းစာရင်း၏ ပထမတန်းဝင် ကုမ္ပဏီဖြစ်သည်။ ရိုးမဘဏ်သည် ၁၉၉၃ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့သော ပုဂ္ဂလိကဘဏ်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် ဝန်ထမ်းပေါင်း (၃၀၀၀)နှင့် ဘဏ်ခွဲပေါင်း (၆၃)ခုရှိသည်။

**UNCDF အကြောင်း**

UNCDF သည် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံ (၄၈)နိုင်ငံအတွက် ဖွဲ့စည်းထားသော UN’s capital investment agency ဖြစ်သည်။ ရင်းနှီးမြှုပ်နှံခွင့်အာဏာနှင့် အထောက်အကူပစ္စည်းများနှင့်UNCDF မှ အများပိုင်နှင့် ပုဂ္ဂလိကပိုင် အရင်းအမြစ်များ၊ ဆင်းရဲမွဲတေမှုလျှော့ချရန်နှင့် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုများအတွက် ပြည်တွင်းအဆင့် “last mile” ငွေရေးကြေးရေးပြယုဂ်တစ်ခုကို ပြဌာန်းထားသည်။UNCDF’s Shaping Inclusive Finance Transformations (SHIFT) ပရိုဂရမ်သည် ငွေရေးကြေးရေးပါဝင်နိုင်မှုတွင် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ လုပ်ကိုင်နိုင်စွမ်းကို ကျယ်ပြန့်လာစေရန် ရည်ရွယ်သည်။ SHIFT advances financial market များသည် ဈေးကွက်လုပ်ဆောင်ချက်များကိုပြောင်းလဲခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုများကို လှုံ့ဆော်ပေးနိုင်ပြီး စီးပွားရေးတီထွင်ဆန်းသစ်မှု နှင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ပြန်လည်တည်ဆောက်ရေးတို့အတွက် အကျိုးပြုသည်။ SHIFT သည် ငွေရေးကြေးရေးပါဝင်နိုင်မှုနှင့် ASEAN ဒေသ၏ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ အမျိုးသမီးများ၏ စီးပွားရေးပါဝင်မှုကို အရှိန်အဟုန်မြှင့်တင်ရန် အတွက် SHIFT ပရိုဂရမ်သည် UNCDF ၊ Australian Government Department of Foreign Affairs နှင့် Trade (DFAT) တို့နှင့် ပူးပေါင်းဆောင်ရွက်သည်။

**ထပ်မံ သတင်းအချက်အလက်များ သိရှိလိုပါက ဆက်သွယ်ရန် -**

UNCDF
Ms. Jessica Wong
Consultant
E-mail: jessica.wong@uncdf.org

Mr. Joei Benjathikul
Email: joei.benjathikul@uncdf.org

Ms Nu Yin Myint
Head of Public Relations & Media
Wave Money Communications
Phone : 09791009061
Email:nuyin.myint@wavemoney.com.mm